နိုင်ငံခြားစာစစ်ဌာနများတွင်စစ်ဆေးသည့်မေးခွန်းလွှာ

၂၀၂၀ ပြည့်နှစ်
တက္ကသိုလ်ဝင်စာမေးပွဲ
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

မြန်မာစာ　　　　ခွင့်ပြုချိန်(၃)နာရီ

မေးခွန်းအားလုံးဖြေဆိုပါ။

၁။ (က) အောက်ပါတို့အနက် တစ်ခု အကြောင်းကို ဖော်ပြပါ။ (၅မှတ်)
ပေစာ ပုရပိုက်စာ၊ ဒယ်အိုးပြောင်းလဲပုံ၊ ကြိယာပစ္စည်း (၅)မျိုး။

(ခ) ပေးထားသော နာမ်ပစ္စည်းများမှ ငါးခုကို ရွေးချယ်၍ ဝါကျတစ်ခုစီတွင် သုံးပြပါ။ (၁၀မှတ်)
မည်သည့်နာမ်ပစ္စည်းအမျိုးအစားဖြစ်ကြောင်းကိုလည်း ဝိုက်ကွင်းဖြင့် ဖော်ပြပါ။
ကဲ့သို့၊ သာလျှင်၊ များ၊ ယောက်၊ ခန့်၊ ကြိမ်၊ တိုင်း။

၂။ (က) အောက်ပါဝေါဟာရတို့အနက် ငါးခု၏ အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။ (၅မှတ်)
လောင်ပန်းပွင့်၊ ရန်သတ္တရု၊ တောင်တံပြက်၊ ပါရမီ၊ တစ်ဆိတ်စာ၊ ပရိယာယ်၊ မုဒြာ။

(ခ) အောက်ပါ စကားလုံးအတွဲများမှ စာလုံးပေါင်းအမှန်ကို ရွေးချယ်ပါ။ (၅မှတ်)
ထယ်ဝါ–ထည်ဝါ၊ နမြော–နမျော၊ ပုံသဏ္ဌာန်–ပုံသဏ္ဍာန်၊ ကြင်ယာ–ကြင်ရာ၊
မျက်နှာကျက်–မျက်နှာကြက်။

(ဂ) အောက်ပါတို့အနက် ငါးခုကို အလင်္ကာ ငါးမျိုးမှ မည်သည့်အလင်္ကာဖြစ်ကြောင်း (၁၀မှတ်)
ဖော်ပြပါ။ သက်ဆိုင်ရာ သင်ခန်းစာတွင် မည်သို့ အသုံးပြုထားသည့်အတွက်
ဤအလင်္ကာမြောက်ကြောင်းကိုလည်း ရှင်းပြပါ။
ပန်းပျံပင်ဆင့်၊ ရွှေတောင်ကြီးပြိုသကဲ့သို့၊ ညဏ်တန်ဆောင်၊ တောင်လေရှုန်းရှုန်း၊
ရင်ကွဲလုမျှ၊ ငှက်ပျံသလို၊ မုန့်စားရင်းလှည်းစီး။

၃။ (က) အောက်ပါတို့မှ ငါးခုကို ဖြေပါ။ (၅မှတ်)
(၁) မြင်းခင်းသဘင် ကျင်းပသော လအမည်ကို ဖော်ပြပါ။
(၂) ကြွင်းသံ၊ကျမ်းသံမပါဘဲ ကျေးတောသံပါသည့် တေးကဗျာအမျိုးအစားကို ဖော်ပြပါ။
(၃) တပေါင်းညှာကျင် အဲချင်းရေးဖွဲ့သူမှာ မည်သူနည်း။
(၄) မပော်ပြဇာတ်ကို မည်သူ ရေးဖွဲ့ခဲ့သနည်း။
(၅) တောင်သူကြီးကဗျာသည် မည်သည့်ကဗျာအမျိုးအစားဖြစ်သနည်း။
(၆) ဟန်ချင်းနှင့်ပတ်သက်သောဆိုရိုးကို ဖော်ပြပါ။
(၇) "သင်၏မျိုးသား၊စာစကားလည်း၊ကြီးပွားတက်မြင့်၊ကျန်ကောင်းသင့်"၏ ဆိုလိုရင်းကို ရေးပါ။

(ခ) ဝိဇ္ဇာသိပ္ပလူ့ကိစ္စ ကဗျာမှ အလင်္ကာအသုံးများကို စိတ်ဝင်စားဖွယ် လေ့လာတင်ပြပါ။ (၁၀မှတ်)
(သို့မဟုတ်)
အနုပညာသည်၏အားမာန် ကဗျာတွင် တွေ့ရသော အနုပညာသည်တစ်ဦး၏ ခံယူချက်၊
မျှော်မှန်းချက်နှင့်အားမာန်တို့ကို ထုတ်ဖော်တင်ပြပါ။

[တစ်ဖက်သို့

၄။ (က) အောက်ပါတို့မှ ငါးခုကို ဖြေပါ။ (၅မှတ်)

(၁) မိဖုရားဖွားစောကျောက်စာတွင် မည်သည့်ခေတ်စကားပြေ၏ သဘောလက္ခဏာ ထင်ဟပ်လျက်ရှိသနည်း။

(၂) စီးချင်းတိုက်ပွဲ စကားပြေကို မည်သည့်ကျမ်းမှ ထုတ်နုတ်ထားသနည်း။

(၃) မိခင့်သောက စကားပြေကို မည်သည့်ခေတ်တွင် ရေးသနည်း။

(၄) သောနုတ္တရမုဆိုးနှင့်ဆဒ္ဒန်ဆင်မင်း စကားပြေကို မည်သည့်ဝတ္ထုမှ ကောက်နုတ်ထားသနည်း။

(၅) ပညာသင်ခါ မရှက်ရာ စကားပြေကို မည်သူရေးသားသနည်း။

(၆) ဦးဖိုးကျားသည် မည်သည့်ကောလိပ်၌ ပညာဆက်လက်သင်ယူခဲ့သနည်း။

(၇) မြန်မာစာပါမောက္ခ ဦးဇမောင်၏ ကလောင်အမည်ကို ဖော်ပြပါ။

(ခ) ဦးပေါင်းကျားနှင့်မြင်းကျားရှင် စကားပြေမှ အလောင်းစည်သူမင်းကြီး၏ စိတ်ဓာတ်နှင့် စွမ်းရည်သတ္တိကို ဖော်ထုတ်တင်ပြပါ။ (၁၀မှတ်)

(သို့မဟုတ်)

နေဝင်မြင်သည် ဝရွှေပြည် စကားပြေတွင် စာရေးသူသည် အင်းဝမြို့၏မြင်ကွင်းများကို မြင်ယောင်လာအောင် မည်သို့ သရုပ်ဖော်ရေးဖွဲ့ထားသနည်း။

၅။ (က) စကားစပ်နှင့်တကွ ရှင်းပြပါ။ (၅မှတ်)

"တစ်ခါတစ်ရံ၊ လောကဓံမှာ၊ ကံမျက်စိလယ်လို့မှ၊ ပြောင်နိုင်တယ်မရှိ၊ ရေရွက်လို့ရောင်း၊ ဝမ်းကိုကျောင်းရတယ်၊ ခေါင်းကျိန်းလို့ရိခဲ့ပြီ။"

(ခ) ရေသည်ပြဇာတ်မှ အောက်ပါ တစ်ခုကို ဖြေဆိုပါ။ (၁၀မှတ်)

(၁) အိမ်ရှေ့မင်းက တောထွက်မည့်အကြောင်း ဥဒယမင်းကြီးအား လျှောက်တင်ပုံ

(၂) ရေသည်ယောကျ်ား၏ ကံသုံးပါးအမူအရာဖန်တီးပုံ

၆။(က) အောက်ပါတို့အနက် တစ်ခုကို ပေးထားသောအချက်အလက်များနှင့်အညီ စာစီကုံးပါ။ (၁၀မှတ်)

(၁) ပျော်ရွှင်ဖွယ်ရာခရီးတစ်ခု

ခရီးသွားခြင်းသည် ပျော်ရွှင်ဖွယ်ကောင်းပုံ ၊ ခရီးတစ်ခုထွက်ရန်ပြင်ဆင်ရင်း စိတ်လှုပ်ရှားရပုံ၊ လမ်းခရီးမြင်ကွင်းများ၊ ခရီးစဉ်အတွေ့အကြုံများနှင့်အမှတ်တရများ၊ မမေ့နိုင်သောပျော်ရွှင်ဖွယ်ခရီးတစ်ခုဖြစ်ပုံနှင့်မိမိခံစားချက်အမြင်။

(၂) သည်းခံစိတ်

သည်းခံစိတ်ဟူသည်၊ လူမှုဆက်ဆံရေးတွင် သည်းခံစိတ်ရှိရန်လိုအပ်ပုံ၊ သည်းခံစိတ် ရှိခြင်း၏အကျိုး၊ သည်းခံစိတ်မရှိခြင်း၏ဆိုးကျိုး၊ သည်းခံခြင်းဖြင့် အရာရာကို အောင်မြင်နိုင်ပုံနှင့်မိမိအမြင်။

(ခ) အောက်ပါအဆိုများအနက် တစ်ခု ကို ထောက်ခံ၍ ဖြစ်စေ၊ ကန့်ကွက်၍ ဖြစ်စေ ဆွေးနွေးပါ။ (၁၀မှတ်)

(၁) အင်တာနက်အသုံးပြုခြင်းသည် ကောင်းကျိုးထက် ဆိုးကျိုးက ပိုများသည်။

(၂) ခရီးသွားသည့်အခါ ရထားဖြင့်သွားခြင်းက ပို၍ပျော်ရွှင်ဖွယ်ကောင်းသည်။

---